# ဗစ်တိုးရီးယားပြည်နယ် စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးဥပဒေအသစ်အကြောင်း

Burmese | မြန်မာ

OFFICIAL

## ဗစ်တိုးရီးယားပြည်နယ် စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးဥပဒေအသစ်

ဤအချက်အလက်စာရွက်တွင် ဗစ်တိုးရီးယားပြည်နယ် စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးဥပဒေအသစ် *(Mental Health and Wellbeing Act 2022)* ကို နားလည်ရန် ကူညီပေးမည့် အကြောင်းအချက်များ ပါရှိသည်။

ဤဥပဒေသစ်သည် လူ့အခွင့်အရေးများကို အခြေခံထားပါသည်။ ဤဥပဒေသစ်သည် အောက်ပါတို့ကို ရည်ရွယ်ပါသည် -

- လူအများအား စိတ်ကျန်းမာရေးကောင်းအောင် ကူညီရန်
- စိတ်ရောဂါဝေဒနာရှင်များကို ကာကွယ်ရန်
- စိတ်ရောဂါဝေဒနာရှင်များ၏ မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများအား ကူညီပေးရန်။

ဤဥပဒေသစ်တွင် စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးလုပ်ငန်းများသည် လူတိုင်းအတွက် ကိုက်ညီကြောင်း သေချာစေရန် အခြေခံမူများ ပါရှိသည်။ ဆိုလိုသည်မှာ ဤအခြေခံမူများသည် အားလုံးနှင့် သက်ဆိုင်ပြီး အသုံးပြုနိုင်ရမည်ဟု ဆိုလိုသည်။

ဤအခြေခံမူများအရ စိတ်ကျန်းမာရေးလုပ်ငန်းများသည် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှု မတူညီသောသူများအပါအဝင် လူမှုအသိုင်းအဝိုင်းမှ လူအားလုံးကို လေးစားရမည်ဟု ညွှန်းဆိုပါသည်။

## ရပိုင်ခွင့်များထုတ်ပြန်ချက်

ဤဥပဒေသစ်အရ လူတစ်ဦးသည် ဆေးရုံတွင် ၎င်းတို့၏ စိတ်ကျန်းမာရေးအတွက် အကူအညီရယူပါက ရပိုင်ခွင့်များထုတ်ပြန်ချက်ကို ရရှိရမည်ဟု ဖော်ပြထားသည်။

ရပိုင်ခွင့်များထုတ်ပြန်ချက်သည် လူတစ်ဦး၏ တရားဝင်အခွင့်အရေးများကို ရှင်းပြသည့် စာရွက်စာတမ်း ဖြစ်ပါသည်။ ဆေးရုံဝန်ထမ်းများသည် လူအများအား ရပိုင်ခွင့်များထုတ်ပြန်ချက်ကို နားလည်စေရန် ကူညီပေးရမည်။

ရပိုင်ခွင့်များထုတ်ပြန်ချက်ကို လူမှုအသိုင်းအဝိုင်းသုံး ဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားပြီး ကျန်းမာရေးဌာန ဝဘ်ဆိုဒ် www.health.vic.gov.au/mental-health-and-wellbeing-act တွင် ရရှိနိုင်ပါသည်

# ရွေးချယ်မှုများဖော်ပြသည့် အသေးစိတ်ထုတ်ပြန်ချက်

ရွေးချယ်မှုများဖော်ပြသည့် အသေးစိတ်ထုတ်ပြန်ချက်သည် လူတစ်ဦးမှ ၎င်းတို့၏ စိတ်ကျန်းမာရေး ကုသမှုနှင့် စောင့်ရှောက်မှုတွင် ၎င်းတို့ လုပ်လိုသည့်အရာနှင့် မလိုလားသည့်အရာများကို ရေးသားဖော်ပြခြင်း ဖြစ်သည်။

မလုပ်မနေရလုပ်ရမည့်ကုသမှု ခံယူပါက လူတစ်ဦးသည် မည်ကဲ့သို့ အကူအညီများ ရယူလိုသည်ကို ရွေးချယ်မှုများဖော်ပြသည့် အသေးစိတ်ထုတ်ပြန်ချက်တွင် ဖော်ပြနိုင်သည်။ ဥပမာအားဖြင့် ၎င်းတို့အနေဖြင့် ဆေးအချို့ကို မလိုချင်ပါဟု ပြောနိုင်ပါသည်။

ဝန်ထမ်းများသည် ထုတ်ပြန်ချက်တွင်ပါရှိသည့်အတိုင်း လုပ်ဆောင်ရန် ကြိုးစားရမည် ဖြစ်သည်။ ဝန်ထမ်းများသည် ဤထုတ်ပြန်ချက်ကို မလိုက်နာပါက မည်သည့်အတွက်ကြောင့်ဟု ရေးသားရပါမည်။

လူတစ်ဦးသည် ရွေးချယ်မှုများဖော်ပြသည့် အသေးစိတ်ထုတ်ပြန်ချက်တစ်ခုကို အချိန်မရွေး ပြုလုပ်နိုင်သည်။

# ပံ့ပိုးပေးရန်အမည်စာရင်းတင်သွင်းခံရသူ

ပံ့ပိုးပေးရန်အမည်စာရင်းတင်သွင်းခံရသူဆိုသည်မှာ လူတစ်ဦးသည် မလုပ်မနေရ လုပ်ရမည့်ကုသမှု ခံယူနေရပါက ၎င်းတို့အား ကူညီပေးရန် ရွေးချယ်ထားသည့်သူ ဖြစ်ပါသည်။

ပံ့ပိုးပေးရန်အမည်စာရင်းတင်သွင်းခံရသူသည် အောက်ပါတို့ကို ကူညီပေးနိုင်သည်-

- စိတ်ကျန်းမာရေးကုသမှုနှင့် စောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ရန်
- ဤသူမှ ဖြစ်လိုသည်ကို ဆရာဝန်အား ပြောပြရန်။

လူတစ်ဦးသည် အမည်စာရင်းတင်သွင်းခံရသူအဖြစ် ၎င်းတို့ အလိုရှိသောသူကို ရေးသားရမည်ဖြစ်ပြီး၊ ထိုသူတို့သည် ပံ့ပိုးပေးရန်အမည်စာရင်းတင်သွင်းခံရသူအဖြစ် သဘောတူရမည်ဖြစ်သည်။

# ဥပဒေကြောင်းမဟုတ်သော ထောက်ခံအားပေးမှု

ဥပဒေကြောင်းမဟုတ်သော စိတ်ကျန်းမာရေးဆိုင်ရာ ထောက်ခံအားပေးရေးဝန်ဆောင်မှုဟုခေါ်သည့် ဝန်ဆောင်မှုတစ်ခု ရှိပါသည်။

ဥပဒေကြောင်းမဟုတ်သော ထောက်ခံအားပေးမှုဆိုသည်မှာ ရှေ့နေမဟုတ်သူတစ်ဦးထံမှ အကူအညီရယူခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်ကို ထောက်ခံအားပေးသူဟု ခေါ်ပါသည်။

အကယ်၍ လူတစ်ဦးသည် မလုပ်မနေရ လုပ်ရမည့်ကုသမှု ခံယူနေရပါက၊ ၎င်းတို့ကို ထောက်ခံအားပေးသူထံမှ အကူအညီကို ပေးမည်ဖြစ်သည်။ ထောက်ခံအားပေးသူကို မလိုလားပါက မယူပါဟု ပြောနိုင်ပါသည်။

ဤဝန်ဆောင်မှု၏ အမည်မှာ အနှောင်အဖွဲ့မရှိသော စိတ်ကျန်းမာရေး ထောက်ခံအားပေးမှု (Independent Mental Health Advocacy(IMHA)) ဖြစ်ပါသည်။

## စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးကော်မရှင်

စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးကော်မရှင်အသစ်သည် စိတ်ကျန်းမာရေးလုပ်ငန်းများကို လူတိုင်းအတွက် ကိုက်ညီပြီး ရနိုင်စေကြောင်း သေချာစေပါမည်။

အကယ်၍ လူတစ်ဦးသည် စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးလုပ်ငန်းတစ်ခုကို မကျေနပ်ပါက ဤကော်မရှင်ထံ တိုင်ကြားနိုင်သည်။ ကော်မရှင်မှ  လက်ခံနားထောင်၍ အဖြေတစ်ခုရှာဖွေပေးပါမည်။

## အကြောင်းအချက်အလက်ကို မည်သို့အသုံးပြုပြီး မျှဝေပါသနည်း။

ဤဥပဒေသစ်တွင် အောက်ပါအခြေအနေများ၌ စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးလုပ်ငန်းများသည် အခြားသူများနှင့် အကြောင်းအချက်အလက်များ မျှဝေနိုင်သည်ဟု ဖော်ပြထားပါသည်။

- လူတစ်ဦးမှ ခွင့်ပြုထားပါက
- သို့မဟုတ် တစ်ခါတစ်ရံတွင် လူတစ်ဦးကို ဘေးကင်းစေရန်နှင့် ကျန်းမာစေရန်အတွက် ဖြစ်ပါက။

ဤဥပဒေသစ်အရ၊ လူများအား ဖြစ်နိုင်သမျှ အကောင်းဆုံး ပံ့ပိုးကူညီမှုပေးရန် အကြောင်းချက်အလက်များကို အခြားဝန်ဆောင်မှုများနှင့် မျှဝေနိုင်သည်။

အောက်ပါတို့ ပါဝင်နိုင်သည်

- အိမ်ရာဝန်ဆောင်မှုများ
- မူးယစ်ဆေးဝါးနှင့် အရက်ဝန်ဆောင်မှုများ။

လူတစ်ဦးသည် ၎င်းတို့သည် အခြားဝန်ဆောင်မှုများနှင့် အကြောင်းအချက်အလက်များကို မျှဝေလိုခြင်းရှိမရှိ ရွေးချယ်နိုင်သည်။

အရေးပေါ်အခြေအနေတွင် လူနာတင်ယာဉ်ဝန်ဆောင်မှုနှင့်လည်း အချက်အလက်များကို မျှဝေနိုင်ပါသည်။

## နောက်ထပ် သတင်းအချက်အလက်တွေကို မည်သည့်နေရာတွင် ရှာနိုင်ပါသနည်း။

နောက်ဆုံး သတင်းအချက်အလက်များအတွက် ဗစ်တိုးရီးယား ကျန်းမာရေးဌာန ဝဘ်ဆိုဒ်ပေါ် ရှိ စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးဥပဒေ <https://www.health.vic.gov.au/mental-health-and-wellbeing-act> စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် ရယူရန် mhwa@health.vic.gov.au <mhwa@health.vic.gov.au> သို့ အီးမေးလ်ပို့ပါ။

ဗစ်တိုးရီးယားအစိုးရ၊ 1 Treasury Place၊ Melbourne မှ ခွင့်ပြုချက်ဖြင့် ထုတ်ဝေသည်။

© ဗစ်တိုးရီးယားပြည်နယ်၊ ဩစတြေးလျ၊ ကျန်းမာရေးဦးစီးဌာန၊ ဩဂုတ်လ ၂၀၂၃။

ISBN 978-1-76131-220-5 (pdf/online/MS word)

စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်ကျန်းမာရေးဥပဒေ <https://www.health.vic.gov.au/mental-health-and-wellbeing-act>ဝက်ဘ်ဆိုဒ်တွင် ရနိုင်သည်။